# သရက်ကုန်းကျေးရွာ

## ကျောက်မှော်ကျေးရွာအုပ်စု၊ လပွတ္တာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းစာမှတ်တမ်း

# ၂၀၂၆-၂၀၂၇

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ

ကျောက်မှော်ကျေးရွာအုပ်စု၊ သရက်ကုန်းကျေးရွာ၊ လပွတ္တာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်။)

၂၀၂၆ခုနှစ်၊ မေလ

# မာတိကာ


စကားချီး ၁-၂

သရက်ကုန်းကျေးရွာ သယံဇာတပြမြေပုံ ၃

သရက်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ၄

သရက်ကုန်းကျေးရွာ (Venn Diagram)အဖွဲ့အစည်းပြမြေပုံ ၅

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား ၇

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၇-၈

၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၈-၉

(က) သီးနှံစိုက်ပျိုးရေး

(ခ) မွေးမြူရေးလုပ်ငန်း

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၉-၁၀

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

(ခ) ကျေးရွာမီးလင်းရေး

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

၆။ ပညာရေး ၁၀

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၀

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

၉။ ကျား/မရေးရာ ၁၁

၁၀။ သရက်ကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၂

စီမံချက်အဆိုပြုလွှာ ၁၄-၁၆

သရက်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း ၁၇

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ ၁၈-၆၀

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၆၁-၆၃

**စကားချီး**

၁။ ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ခုနှစ် ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တတ်တတ်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

၂။ ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး၊ လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

၃။ ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

၄။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

၅။ ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ
သရက်ကုန်းကျေးရွာ
လပွတ္တာမြို့နယ်

# သရက်ကုန်းကျေးရွာ၊ သယံဇာတပြမြေပုံ



# သရက်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| အလုပ်အကိုင် | နည်း | နည်း | သင့် | များ | များ | များ | သင့် | သင့် | များ | များ | နည်း | နည်း |
| မိသားစုဝင်ငွေ | နည်း | နည်း | သင့် | များ | များ | များ | သင့် | သင့် | များ | များ | နည်း | နည်း |
| အသုံးစရိတ် | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | သင့် |
| ချေးငွေလိုအပ်မှု | ✔ | ✔ | - | - | - | - | - | - | - | ✔ | ✔ | ✔ |
| ဝမ်းစာဖူလုံမှု | ✔ | - | - | ✔ | - | ✔ | ✔ | ✔ | ✔ | - | - | - |
| တိရစ္ဆာန်အစားအစာရရှိမှု | ✔ | ✔ | - | ✔ | - | ✔ | ✔ | ✔ | ✔ | - | - | - |
| တိရစ္ဆာန်ရောဂါကျဆင်းမှု | - | - | - | - | - | ✔ | - | - | - | - | - | - |
| ကျန်းမာရေးအခြေအနေ | - | - | - | ✔ | - | ✔ | ✔ | - | - | - | - | ✔ |
| သီးနှံပိုးမွှားကျရောက်မှု | - | - | - | ✔ | - | ✔ | ✔ | - | - | - | - | - |
| ပွဲတော် | သင်္ကြန် | | | | | | မီးထွန်းပွဲ | ကထိန် | | | ထမနဲ | ဘုရားပွဲ |
| သဘာဝဘေးကျရောက်မှု | - | - | - | ✔ | - | - | - | - | - | - | - | - |
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |

## သရက်ကုန်းကျေးရွာ (Venn Diagram)အဖွဲ့အစည်းပြမြေပုံ



# အပိုင်း(က)

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

## ၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

သရက်ကုန်းကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ ကျောက်မော်ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ သရက်ကုန်းကျေးရွာ၏ ရွာလမ်းများသည် များသောအားဖြင့် ကျောက်ကြမ်းလမ်းဖြစ်ကြပြီး တစ်ချို့လမ်းကြား လမ်းသွယ်များသည် မြေသား လမ်းများဖြစ်ကြသည်။ ရွာတွင်းလမ်း၏ စုစုပေါင်း အရှည်မှာ(၁၅၀၀)ပေခန့်ရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် (၃)မိုင် မြို့သစ်၊ အနောက်ဘက်တွင် ဝါးချောင်း၊ တောင်ဘက်တွင် သဲဖြူကျေးရွာ၊ မြောက်ဘက်တွင် ခနိချောင်းကျေးရွာတည်ရှိပြီး ကြားတွင် လယ်ကွင်းများတည်ရှိပါသည်?

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မမှာ(၈၀)ခန့်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ နေပူချိန်(၃၂°C)အထက်ရှိသည်။ ကျေးရွာတွင် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင် နေပူရှိန်ပူပြင်း၍ ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလများတွင် မိုးများသောကြောင့် မိုးရေချိန်မြင့်မားလေ့ရှိပါသည်။ မိုးရေချိန်မြင့်မားချိန်တွင် ကျေးရွာရှိ တောင်သူ လယ်သမားအချို့မှာ သီးနှံစိုက်ခင်းများ ပျက်စီးလေ့ရှိပါသည်။ လယ်ယာမြေများမှ မြေဩဇာအခြေအနေမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်ကေပေါင်း(၁၉၁)ကေရှိပြီး တစ်ချို့သော တောင်သူများမှာ တစ်ပိုင်တစ်နိုင် ရာသီပေါ်သီးနှံများ လုပ်ကိုင်စိုက်ပျိုးကြပြီး တစ်ချို့မှာ ဥယျာဉ်ခြံမြေအနည်းငယ်သာ ပိုင်ဆိုင်ကြပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

သရက်ကုန်းကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် အမျိုးသား(၃)ဦးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီတွင် အမျိုးသား(၄)ဦး၊ အမျိုးသမီး(၃)ဦးသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စည်းရုံးလုပ်ဆောင်ပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် အမျိုးသား(၂)ဦး၊ အမျိုးသမီး(၆)ဦးသည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/မများနှင့် ပူးပေါင်း၍ ကျေးရွာ၏ ပညာရေးကဏ္ဍတိုးတက်လာစေရေးအတွက် လုပ်ဆောင်လျက်ရှိပါသည်။ ဂေါပကအဖွဲ့တွင် အမျိုးသား(၃)ဦး၊ အမျိုးသမီး(၂)ဦးတို့သည် ကျေးရွာ၏ ဘာသာရေးလုပ်ငန်းများနှင့်သာသနာတိုးတက်ပြန့်ပွားအောင်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင်း ကိစ္စကြီးငယ်ပေါ်ပေါက်လျှင် ရွာသူ/ရွာသားများမှ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြသော အလေ့အကျင့်ကောင်းများရှိပါသည်။ ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းတစ်ခုရှိပါသည်။ ၎င်းပြင်ပအဖွဲ့အစည်းမှ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးချေးငွေစသောခေါင်းစဉ်များဖြင့် ချေးယူသုံး

စွဲကြပါသည်။ ထိုအဖွဲ့မှ ချေးငွေနှင့် ပတ်သက်သည်များမှ ကျေးရွာလူထုအတွက် အသင့်အတင့် အဆင်ပြေကြောင်း တွေ့ရှိရပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

သရက်ကုန်းကျေးရွာ၏ အဓိကဝင်ငွေမှာ လယ်ယာစိုက်ပျိုးရေးနှင့် ကျပန်းလုပ်ကိုင် ဆောင်ရွက်ကြပြီး မြေဆီလွှာအရည်အသွေးအနေဖြင့် အသင့်အတင့်ရှိသော ကျေးရွာ ဖြစ်၍ လယ်ယာကေပိုင်ဆိုင်မှုမှာ(၁၉၁)ကေ၊ ဥယျာဉ်ခြံ(၄)ကေသာရှိပါသည်။ ရွာ၏ မြေကေပိုင်ဆိုင်မှုမှာ အများဆုံး(၁၅)ကေနှင့် အနည်းဆုံး(၃)ကေခန့်ပိုင်ဆိုင်ကြပြီး မြေယာမဲ့အိမ်ထောင်စုများလည်းရှိပါသည်။ ၎င်းတို့မှာ နေ့စား၊ ကျပန်း၊ အရောင်း အဝယ်နှင့် ပြည်တွင်း/ပြည်ပသွားရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ ကျေးရွာ၏ စပါးစိုက်ကေ(၁၉၁)ကေအားလုံးအတွက် ချောင်းရေကိုသာ သုံးစွဲပါသည်။ မိုးစပါးတစ်မျိုးတည်းသာစိုက်ပျိုးပြီး တစ်ကေ ပျှမ်းမျှအထွက်နှုန်းမှာ (၄၀)တင်းခန့် သာထွက်ရှိပါသည်။ အရင်းအနှီးအနေဖြင့်လည်း မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ တစ်ကေ(၃)သိန်းကျပ်နှုန်းဖြင့် ရယူဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ စိုက်ပျိုး ကိရိယာပိုင်ဆိုင်မှုမှာ ထွန်စက်(၁၇)စီး၊ ခြွေလှေ့စက်(၂)စီး၊ ရေစုပ်စက်(၁၃)စီး ရှိကြောင်းတွေ့ရပါသည်။အချို့လယ်သမားများမှာ စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ပစ္စည်း များကို ငှားရမ်းအသုံးပြုကြပါသည်။ တစ်ချို့သော အိမ်ထောင်စုများမှာ မြို့ကြီးများသို့ အပြီးတိုင်ရွှေ့ပြောင်းသွားရောက်လုပ်ကိုင်သူများလည်း ရှိကြပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် အဓိကမွေးမြူရေးလုပ်ငန်းဟူ၍ သီးခြားမရှိပါ။ နွား၊ ကြက်၊ ဝက်တို့ကို စီးပွားဖြစ် မွေးမြူလိုကြသော်လည်း ရင်းနှီးလုပ်ကိုင်ရန် ငွေကြေး အခက်အခဲရှိခြင်း၊ စနစ်တကျမွေးမြူရေးဆိုင်ရာ အသိပညာအားနည်းခြင်း၊ တိရိစ္ဆာန်အစာများ ဈေးနှုန်း မြင့်မားခြင်း၊ စနစ်တကျလုပ်ကိုင်ရန် အသိပညာအားနည်းခြင်း၊ ရာသီအလိုက် တိရိစ္ဆာန် များတွင်ကျရောက်တတ်သောရောဂါများနှင့်ပတ်သက်၍ ကာကွယ်ကုသရေးဆိုင်ရာ ဆေးဝါးကျွမ်းကျင်မှုမရှိခြင်းတို့ကြောင့် တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာရှိ ဆင်းရဲသောအိမ်ထောင်စု အများစုမှာ ကျပန်းလုပ်ကိုင်စားသောက် လုပ်ကိုင်နေသူများဖြစ်ကြပြီး သီးနှံစိုက်ပျိုးချိန်တွင် နေ့စား၊ အချိန်အခါအလိုက် ပန်းရံ၊ လက်သမားအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကိုယ်ပိုင်မတည်နိုင်သည့် ငွေကြေးပေါ်မူတည်၍ ကုန်စိမ်း၊ ကုန်ခြောက်ဆိုင်များဖွင့်ကာ ရောင်းဝယ်ဖောက်ကားခြင်း၊ အချို့လူငယ်၊ လူရွယ်များအနေဖြင့် ပြည်တွင်း၊ ပြည်ပများသို့ အသွင်အမျိုးမျိုးဖြင့် သွားရောက်လုပ်ကိုင်ခြင်း စသည့် အခြားဝင်ငွေရလုပ်ငန်းမျိုးစုံတို့ကို လုပ်ကိုင်ကြရပါသည်။

(ဃ) **ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေကြေးဝန်ဆောင်မှုအနေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် တောင်သူလယ်သမားများအတွက် လိုအပ်သောချေးငွေကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧကလျှင် (၃၀၀၀၀၀/-)ကျပ်နှုန်း (၁၀)ဧက အကန့်အသတ်ဖြင့်သာ ထုတ်ချေးပါသည်။ အခြားအသေးစားဝန်ဆောင်မှုအဖွဲ့များလည်း အနည်းငယ်ရှိပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူများလည်းရှိသောကြောင့် နှစ်ရှည်ချေးငွေထုတ်ချေးသောအဖွဲ့အစည်းများလိုအပ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

သယ်ယူပို့ဆောင်ရေးအတွက် ကုန်းလမ်းကို အဓိကထားအသုံးပြုရပါသည်။ သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်အသုံးချမှုများမှာ ငှားရမ်းအသုံးပြုရပါသည်။ လပွတ္တာမြို့သို့ ဆန်၊ စပါးများတင်ပို့ရောင်းချခြင်းအတွက်ထော်လာဂျီများကို အသုံးပြုရပါသည်။ လပွတ္တာမြို့သို့ သွားရန်အတွက် ဆိုင်ကယ်များ၊ အခြားခရီးသွားယာဉ်လိုင်းများနှင့်သွားရောက်ရပါသည်။

(ခ) **ကျေးရွာမီးလင်းရေး**

သရက်ကုန်းကျေးရွာတွင် မီးလင်းရေးအတွက် လက်ရှိအခြေအနေတွင် မဟာဓာတ်အားလိုင်းမရရှိသေးသဖြင့် တစ်နိုင်တစ်ပိုင်ဆိုလာမီးများ၊ ဘက်ထရီများအားအသုံးပြုကြပါသည်။ ပုဂ္ဂလိကစီးပွားဖြစ် မီးစက်မရှိပါ။ ကျေးရွာတွင် Transformer ရရှိထားပြီး တစ်နိုင်တစ်ပိုင် လမ်းမီးတိုင်များကိုသာ စိုက်ထူထားပြီးဖြစ်ပါသည်။

ချက်ပြုတ်ရေးလုပ်ငန်းများကို ထင်းမီးနှင့်အသုံးပြုရပါသည်။ရွာလုံးကျွတ်လျှပ်စစ်မီး အချိန်ပြည့်ရရှိသုံးစွဲနိုင်လျှင် ကျေးရွာ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး အတွက် အဆင်ပြေမည်ဖြစ်ပြီး ကျေးရွာ၏ လူနေမှုအဆင့်အတန်းယခုထက် ပိုမိုမြင့်မားလာမည်ဖြစ်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

သရက်ကုန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်များကို ဖုန်း(၅၈)လုံး၊ တီဗွီ(၄)လုံး၊ စလောင်း(၁)လုံးတို့ရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များဆိုင်ရာ နည်းပညာရရှိနိုင်သောပစ္စည်းများအတွက် အသင့် အတင့်ကောင်းမွန်ပါသည်။

## ၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်မှာ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် အခြေခံပညာ မူလလွန်ကျောင်း အထိသာရှိပြီး ကျေးရွာသူ/သားအများစုသည် အခြေခံအရေး၊ အဖတ်အတွက်သာ တတ်မြောက်ကြပြီး တက္ကသိုလ်မှဘွဲ့ရသူ နည်းပါးပါသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်း သား/သူများသည် အထက်တန်းကျောင်းများနှင့် မြို့များသို့ သွားရောက်ပညာသင်ယူကြရပါသည်။ မူလတန်းကျောင်းသားဦးရေမှာ(၄၅)ဦး၊ အလယ်တန်းကျောင်းသားဦးရေမှာ(၃၇)ဦး၊ အထက်တန်း ကျောင်းသားဦးရေမှာ(၁၀)ဦးနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသားဦးရေမှာ(၄)ဦးရှိ ပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

သရက်ကုန်းကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသောကြောင့် ကျောက်မှော် ကျေးရွာတွင်သွားရောက်ပြသရပါသည်။ အရေးပေါ်လူနာများအတွက် (၃)မိုင်မြို့သစ်ရှိ ကုတင်(၂၀၀) ဆေးရုံကြီးသို့ သွားရောက်ကုသရပါသည်။ ကျေးရွာ၏ ကျန်းမာရေးအခြေအနေမှာ တစ်ခါတစ်ရံ ရာသီဖျားနာခြင်းများဖြစ်လေ့ရှိပါသည်။ မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါများကို နီးစပ်ရာဆေး ပေးခန်းများသို့ သွားရောက်ကုသမှုခံယူရပါသည်။ ကျေးရွာတွင်းရှိ ကလေးများသည် အဟာရချို့တဲ့မှု မရှိပါ။ အများစုမှာ ကျန်းမာသန်စွမ်းကြပါသည်။ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာမရှိသောကျေးရွာ ဖြစ်ပါသည်။ သရက်ကုန်းကျေးရွာသည် အိမ်ထောင်စု(၁၀၈)ရှိပြီး ယင်လုံအိမ်သာသုံးစွဲသော အိမ် ထောင်စု(၈၃)စုရှိပါသည်။ အိမ်သာနှင့်ပတ်သက်သည့် ကျန်းမာရေးကဏ္ဍများတွင် ဗဟုသုတများ ရှိကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် နှစ်စဉ်မိုးများသော်လည်း ရေကြီးနစ်မြုပ်မှုများမရှိပါ။ တစ်ခါတစ်ရံ ရေလွှမ်းမိုးသဖြင့် ကျေးရွာရှိ လယ်မြေသီးနှံပင်များ ပျက်စီးဆုံးရှုံးမှုများရှိပါသည်။ တစ်ခါတစ်ရံလေပြင်းတိုက်ခတ်မှုများရှိပါသည်။ ကျေးရွာရှိ တောင်သူများသည် စိုက်ပျိုးမြေများကို ပိုးသတ်ဆေး၊ ဓါတ်မြေဩဇာအလွန်အကျွံသုံးစွဲခြင်းကြောင့် လယ်မြေ မြေဆီလွှာပျက်စီးရပါသည်။ ယခင်ကသဘာဝပတ်ဝန်းကျင်သည် သန့်ရှင်းမှုအားနည်းပါသည်။ ယခုအခါ လပွတ္တာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် အမှိုက်ကင်းစင်ကျေးရွာစီမံကိန်းအား သရက်ကုန်းကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် ပိုမိုသန့်ရှင်းမှုရှိလာပါသည်။

## ၉။ ကျား/မ ရေးရာ

သရက်ကုန်းကျေးရွာတွင် လူဦးရေအားဖြင့် အမျိုးသား(၂၂၄)ဦး၊ အမျိုးသမီး(၂၄၆)ဦးရှိပါ သည်။ တစ်ရွာလုံးတွင် အလုပ်လုပ်နိုင်သည့်လူဦးရေသည် ကျား(၁၇၁)ဦးနှင့် မ(၁၁၈)ဦးရှိပါသည်။ အလုပ်လုပ်နိုင်သောဦးရေသည်(၆၅%)ခန့်ရှိပါသည်။ ကျား/မရေးရာနှင့်ပတ်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်များတွင် နေ့စား၊ ပုတ်ပြတ်နှင့် လပြတ်စသည့်လုပ်သားများ ငှားရမ်းဆောင်ရွက်ကြပါသည်။ တစ်ရက်လျှင်လုပ်အားခမှာ(၈၀၀၀မှ ၂၀၀၀၀)ထိ ဖြစ်ပါသည်။ အချို့လုပ်ငန်းများတွင် အမျိုးသမီးများ၏ ဝင်ငွေသည် အမျိုးသားများထက် အနည်းငယ်လျော့နည်းမှုရှိပါသည်။

စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အတွေ့အကြုံနည်းပါး၍ ပါဝင်မှုနည်းပြီး အမျိုးသားအများစုကသာ ဦးဆောင်ဦးရွက်အုပ်ချုပ်ကြပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု၊ အကြမ်းဖက်မှုများ လုံးဝမရှိပါ။ အရက်သေစာသောက်စားခြင်းအနည်းငယ်သာရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသား/အမျိုးသမီးများ တတ်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၀။ သရက်ကုန်းကျေးရွာ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေးအဆင့် |
|---|---|---|---|
| ၁ | အခြေခံအဆောက်အဦ | ကျေးရွာကွန်ကရစ်လမ်းခင်းရန် | ၁ |
| ၂ | အခြေခံအဆောက်အဦ | ရေပေးရေးလုပ်ငန်း | ၂ |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်ဆေးပေးခန်း | ၃ |
| ၄ | အခြေခံအဆောက်အဦ | ကျောင်းဆောင်သစ်တည်ဆောက်ခြင်း | ၄ |
| ၅ | စီမံကိန်း | မြစိမ်းရောင်ကျေးရွာစီမံကိန်း | ၅ |

# အပိုင်း(ခ)

# စီမံကိန်းဆိုင်ရာအချက်အလက်များ

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

<table>
<tr><td>

**ကျေးရွာ** - သရက်ကုန်း

**ကျေးရွာအုပ်စု** - ကျောက်မှော်

**မြို့နယ်** - လပွတ္တာ

**တိုင်းဒေသကြီး/ပြည်နယ်** - ဧရာဝတီတိုင်းဒေသကြီး

</td></tr>
<tr><td>

**စီမံချက်အမည်** - ကွန်ကရစ်လမ်းခင်းခြင်း(၄၆၂'x၆'x၆")

</td></tr>
<tr><td>

**စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ**

- ယခုလက်ရှိ ကျောက်ကြမ်းလမ်းမှာ မိုးကြီးသည့်အခါတွင် အောက်ခံမြေသားများမရှိတော့သဖြင့် ကျောက်ခဲကြီးများ ထွက်ပေါ်၍ ဆိုင်ကယ်၊ ကား၊ ထော်လာဂျီများ သွားလာရန် ခက်ခဲစေပါသည်။
- ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကြောင့် ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက အသက်အန္တရာယ်ရှိပါသည်။

</td></tr>
<tr><td>

**စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**

- ရာသီမရွေးသွားလာ၍ လွယ်ကူစေရန်၊ ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့ရန်၊ ကျောင်းသား/သူများ လွယ်ကူချောမွေ့စွာသွားလာနိုင်စေရန်၊

</td></tr>
<tr><td>

**မျှော်မှန်းအကျိုးရလာဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)**

- ကွန်ကရစ်လမ်းခင်းပြီးပါကလမ်းတွင်ကျောက်ကြမ်းများထွက်ပေါ်နေမှုမရှိတော့ဘဲ သွားလာမှု အဆင်ပြေလွယ်ကူလာမည်။
- ကျောင်းသား/သူများ ပညာသင်ယူမှုတွင် သွားလာရေး အခက်အခဲမရှိတော့သဖြင့် ကျောင်းပျက်နှုန်းနည်းပြီး ပညာတတ်မြောက်မှုဦးရေများလာမည်။
- ကျန်းမာရေး အရေးပေါ်အခြေအနေများတွင်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် နီးစပ်ရာဆေးရုံ၊ ဆေးပေးခန်းများသို့ အချိန်မီ သွားရောက်နိုင်ပြီး မတော်တဆ သေဆုံးမှုလျော့ကျလာမည်။
- ထို့ပြင် ရွာတွင်းလမ်း အဆင့်မြှင့်တင်ပြီးပါက ကျေးရွာကုန်ထုတ်လုပ်ငန်းများပိုမိုအဆင်ပြေလွယ်ကူသွားမည်ဖြစ်ပါသည်။

</td></tr>
</table>

| **စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)** | |
|---|---|
| သရက်ကုန်းကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း(၄၆၂'x၆'x၆") | |
| **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု** | |
| **ခန့်မှန်းကုန်ကျစရိတ်(ကျပ်)** | **ထည့်ဝင်မည့်အစီအစဉ်** |
| • ၁၅၀၀၀၀၀၀ ကျပ်(ငွေသား)<br>• ၃၀၀၀၀၀၀ ကျပ်(ငွေသား) | • ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၂၂၄ | ၂၄၆ | ၄၇၀ | ၂၄ | ၄၄ | ၂၂ | ၁၈ | ၁၀၈ |
| **အကျိုးခံစားမည့်ဦးရေ** | ၂၂၄ | ၂၄၆ | ၄၇၀ | ၂၄ | ၄၄ | ၂၂ | ၁၈ | ၁၀၈ |
| မှတ်ချက်။ ချောင်လည်အဆင့်၁၊အလယ်အလတ်အဆင့်၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄ | | | | | | | | |

**စီမံချက်အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

(၁) **တာဝန်ယူအကောင်အထည်ဖော်မည့်အဖွဲ့အစည်း(များ)**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) **စီမံချက်စတင်မည့်အချိန်(ခန့်မှန်း)** -၂၀၂၆ ခုနှစ် ၊ မေ လ (၁၈)

(၃) **စီမံချက်ပြီးစီးမည့်အချိန်(ခန့်မှန်း)** -၂၀ ခုနှစ် ၊ လ

(၄) **ကျေးရွာထည့်ဝင်ငွေမှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ်**

* ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျွတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ ချပြတိုင်ပင်ဆွေးနွေးပါမည်။

* ကျေးရွာရှိ ရွာသူ/သားများမှ ငွေကြေးကျပ်(၃၀)သိန်းအား ပူးပေါင်းထည့်ဝင်ပါမည်။ လိုအပ်ပါက လုပ်အားထည့်ဝင်နိုင်ရေး ကြိုးစားဆောင်ရွက်ပါမည်။

(၅) **လုပ်ငန်းလည်ပတ်ရေး ၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေး ဆိုင်ရာ အစီအစဉ်များ**

* လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်း အဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
* လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်းလုပ် ဆောင်ခြင်းနှင့် ဖွင့်လှစ်ပွဲကို ဆောင်ရွက်ခွင့်ရှိပါက လုပ်ဆောင်ပါမည်။
* လမ်းအခြေအနေအား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် လိုအပ်သောပြုပြင်ထိန်း သိမ်းမှုများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီများ မှဦးဆောင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကူအညီဖြင့်ဆောင်ရွက်သွား ပါမည်။
* ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့်ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိရွာသူ/ သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ(သို့)စုပေါင်းလုပ်အားဖြင့်ဆောင်ရွက်သွားပါမည်။

# သရက်ကုန်းကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းဌေး | ဦးမြသောင်း | ၁၄/လပတ(နိုင်)၀၅၇၂၈၆ | ၅၇ | ဥက္ကဋ္ဌ | ၀၉-၆၈၃၅၁၅၅၀ |
| ၂ | နန့်သင်းကြည်ဌေး | ဦးစံသောင်း | ၁၄/လပတ(နိုင်)၁၇၁၀၉၂ | ၄၅ | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၆၆၈၆၇၅၁၀၅ |
| ၃ | ဒေါ်အေးချစ် | ဦးဝင်းထိန် | ၁၄/လပတ(နိုင်)၁၂၇၈၉၁ | ၄၇ | စာရင်းကိုင် | ၀၉-၆၉၉၀၂၄၁၆၁ |
| ၄ | ဦးရေမွှေး | ဦးမြသောင်း | ၁၄/လပတ(နိုင်)၀၅၇၉၇၀ | ၆၁ | ဘဏ္ဍာရေးမှူး | ၀၉-၆၈၃၅၁၅၅၀ |
| ၅ | ဦးသန်းအောင် | ဦးခင်မောင် | ၁၄/ပစလ(နိုင်)၀၁၀၅၄၃ | ၃၆ | အတွင်းရေးမှူး | ၀၉-၆၆၅၈၀၉၁၇၀ |
| ၆ | ဦးနိုင်မင်းထွန်း | ဦးသိန်းလေး | ၁၄/လပတ(နိုင်)၁၉၂၉၂၉ | ၃၁ | အဖွဲ့ဝင် | ၀၉-၂၆၀၆၉၁၆၄၅ |
| ၇ | ဒေါ်သန်းသန်းခိုင် | ဦးတင်အေး | ၁၄/လပတ(နိုင်)၁၆၀၁၁၆ | ၄၅ | အဖွဲ့ဝင် | ၀၉-၇၆၂၈၈၄၂၉၅ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၅ | ၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၁ | ၁၂ | ၂၃ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၄ | ၁၉ | ၃၃ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၂၆ | ၄၅ | | ၁ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၈ | ၁၆၈ | ၃၃၆ | ၁ | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၀ | ၁၆ | ၂၆ | ၂ | ၃ |
| **စုစုပေါင်း** | | **၂၂၄** | **၂၄၆** | **၄၇၀** | **၃** | **၄** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၀၈** | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)**
**နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅)**
**နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)**
**နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅)**
**နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅) နှစ်ပြည့်သည်မှအသက် (၆၅)**
**နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)**
**နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** သရက်ကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၈)၊ လူဦးရေမှာ(၄၇၀)ဦးရှိပြီးကျား(၂၂၄)ဦး၊ မ(၂၄၆)ဦးဖြစ်ပါသည်။ လူဦးရေအားဖြင့် အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပြီး ဗမာလူမျိုးနှင့် ကရင်လူမျိုးများ နေထိုင်ကြပါသည်။ ကျေးရွာရှိ လူဦးရေ စာရင်းကောက်ယူမှုအရ အလုပ်မလုပ်နိုင်သောဦးရေမှာ ပျမ်းမျှစုစုပေါင်း၏ (၃၅%)ဖြစ်ပြီး၊ အလုပ်လုပ်နိုင်သောဦးရေမှာ စုစုပေါင်း၏ (၆၅%)ရှိသဖြင့် လူသားအရင်း အမြစ်ဖွံ့ဖြိုးတိုးတက်မှုရှိပြီး ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေပါသည်။ ကျေးရွာတွင် (၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများလည်းရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄ | ၅၇ | ၆ | ၃၁ | ၂၆ | ၁၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂၀ | ၅၃ | ၅ | ၂၅ | ၂၈ | ၁၀ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၂ | ၂၅ | | ၁၅ | ၁၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁၁ | ၂ | ၃ | ၈ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၆၇ | ၁၀၃ | ၁၀ | ၇၀ | ၃၃ | ၂၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၀၈ | ၂၄၉ | ၂၃ | ၁၄၄ | ၁၁၀ | ၅၀ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်**
**လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ - **“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအား အဓိကထားလုပ်ကိုင်ပြီး တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း၊ နေ့စား၊ ကျပန်းလုပ်ကိုင်သူများ အများဆုံးနေထိုင်လုပ်ကိုင်ကြပါသည်။ မိသားစုဝင်ငွေအနေဖြင့် မိသားစုပိုင် လယ်ယာပိုင်ဆိုင်သူများသည် စီးပွားရေးအသင့်အတင့်ရှိပြီး နေ့စားနှင့် ကျပန်းလုပ်ငန်းများသည် စီးပွားရေးအဆင်ပြေမှု နိမ့်ကျကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၈၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၂၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ကျေးရွာအနေအထားနှင့် နေ့စားလုပ်အားခနှုန်းထားမှာ သင့်တင့်မျှတသော်လည်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးလာခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်လာခြင်းကိုတွေ့ရှိရပါသည်။ လယ်ယာစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်တွင် နေ့စား၊ လပြတ်လုပ်သားများ ငှားရမ်းလုပ်ကိုင်ကြပါသည်။ အလုပ်အကိုင်နည်းပါး၍ အများစုမှာ ကျပန်းအလုပ်များ ရှာဖွေလုပ်ကိုင်ကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၉၁ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၉၅ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့)**
**မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် လယ်ယာမြေ(၁၉၁)ဧကနှင့် ဥယျာဉ်ခြံမြေမှာ(၄)ဧကရှိပြီး စိုက်ပျိုး မြေဆီလွှာအရည်အသွေးမှာ သင့်တင့်ကောင်းမွန်၍ မိုးစပါး တစ်မျိုးကိုသာ စိုက်ပျိုးကြပြီး ရာသီပေါ် သီးနှံများလည်းစိုက်ပျိုးကြကြောင်းတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| **ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** သရက်ကုန်းကျေးရွာသည် ချောင်းရေကိုသာ အသုံးပြုလေ့ရှိပါသည်။ သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများနှင့် အပူပိုင်းသစ်တော၊ ဒီရေတောများမရှိသော်လည်း ရှားပါးသဘာဝတိရစ္ဆာန်မျိုးစိတ်များ မတွေ့ရှိပါ။ မြေအောက်ရေတူးဖော်ရရှိမှု ခက်ခဲပါသည်။ ရေငန်ဒေသဖြစ်သည့်အတွက် သန့်ရှင်းသောမြေ အောက်ရေရရှိမှုအလွန်နည်းပါးပါသည်။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၄ | ၄၄ | ၂၂ | ၁၈ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** အဆင်ပြေသောအိမ်ထောင်စု(၂၄)စုတွင် သင့်တင့်သောမြေယာပိုင်ဆိုင်မှုများရှိနေခြင်းနှင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သည့်မိသားစုများမှ ပြန်ပို့ငွေများစီးဆင်းနေကြောင်းတွေ့ရှိရပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ လက်ရှိစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေကြပြီး ပြည်တွင်းသို့ သွားရောက်အလုပ် လုပ်ကိုင်ဆောင်ရွက်နေသူများလည်းရှိပြီး မပြေလည်သောအိမ်ထောင်စုနှင့်အလွန် မပြေလည်သော အိမ်ထောင်စုများ အနည်းငယ်သာ လေ့လာတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄”**

အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၅ | ၄ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ၅ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၇ | ၆ | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၃<br>လုပ်အားခကြိုယူ = ၄ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = |

**ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** သရက်ကုန်းကျေးရွာတွင် အိမ်ထောင်စုအားဖြင့်(၁၀၈)စုရှိပြီး စီးပွားရေးပြေလည်သော အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ အလယ်အလတ် အိမ်ထောင်စုမှာ များပြားပြီး အဆင်မပြေသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိသဖြင့် ဝမ်းစာဖူလုံရန်အတွက် လုပ်အားခကြိုတင်ယူခြင်းနှင့် ချေးယူခြင်းဖြင့် ဖြေရှင်းနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
